# ဓမ္မခန္ဓာ (၈၂) ပေါက်ကွဲလွင့်စင်ခြင်း (အလ်–အန်ဖီတွာရ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၈၂)၊ သုတ်ဒေသနာ (၁၉)ပါး၊

ဦးဒွေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။<br>☆၇၃း၁၈ | **إِذَا السَّمَاء انفَطَرَتْ**۞<br>မိုးကောင်းကင်သည် အသစ်ပြန်ဖြစ်သော အခါ–☆ |
| ၂။<br>☆၇၃း၁၈ | **وَإِذَا الْكَوَاكِبُ انتَثَرَتْ**۞<br>ကြယ်ကြီးများ ဝဲလွင့်သွားရသော အခါ–☆ |
| ၃။<br>☆၈၁း၆ | **وَإِذَا الْبِحَارُ فُجِّرَتْ**۞<br>သမုဒ္ဒရာများ ပန်းထွက်ရသော အခါ–☆ |
| ၄။<br>☆၈၀း၂၁ | **وَإِذَا الْقُبُورُ بُعْثِرَتْ**۞<br>သင်းချိုင်းများ လှန်ခံရသော အခါ–☆ |
| ၅။ | **عَلِمَتْ نَفْسٌ مَّا قَدَّمَتْ وَأَخَّرَتْ**۞<br>ဉာဉ်စရိုက်သည် စုံရပ်ခံခဲ့မှုနှင့် အနာဂါတ်ကို သိရလတ္တံ့။ |
| ၆။ | **يَا أَيُّهَا الْإِنسَانُ مَا غَرَّكَ بِرَبِّكَ الْكَرِيمِ**۞<br>အို လူသား၊ ဂုဏ်ကျက်သရေရှိသော ကံကြမ္မာရှင်ထံမှ ကင်းရန် သင့်အား ဘယ်အရာက မြှူဆွယ်နေသနည်း။ |
| ၇။ | **الَّذِي خَلَقَكَ فَسَوَّاكَ فَعَدَلَكَ**۞<br>အရှင်သည် သင့်အား ဖြစ်တည်စေ၏။ ပုံစံချ၏၊ သင့်အား ဟန်ချက်ညီစွာဖြင့်– |
| ၈။ | **فِي أَيِّ صُورَةٍ مَّا شَاء رَكَّبَكَ**۞<br>အရှင့် စံချိန်ပြည့်မှီစေရာ ပုံစံမှ ဖြစ်၏။ အသင့်အား ကိုယ်ထည်ဖွဲ့ပေး၏။ |
| ၉။ | **كَلَّا بَلْ تُكَذِّبُونَ بِالدِّينِ**۞<br>အမှန်မှာ–သင်သည် သာသနာတော်အား ငြင်းဆန်၏။ |
| ၁၀။ | **وَإِنَّ عَلَيْكُمْ لَحَافِظِينَ**۞<br>ကေန်ပင် သင်တို့၏ အပေါ်၌ ရှိသော အထိန်းအကွပ်များမှာ–[၁၃၇] |

(၁၃၇) လူသားတိုင်းသည် ဥပဒေ၏ အောက်၌ ရှိနေသည်၊ သို့ဖြစ်၍ ဤသုတ်တော်မှ ဆိုလိုချက်မှာ လူသားတိုင်း အပေါ်၌ ဥပဒေ ရေးဆွဲသူများ ရှိနေသည်ဟု ဆိုလိုပေသည်။ သို့သော် ထိုဥပဒေ ရေးဆွဲသူများသည် သိက္ခာသမာဓိရှိ၍– မိမိကိုယ်တိုင် ဥပဒေကို လိုက်နာသူများ ဖြစ်ရမည်ဟု သုတ်တော် ၁၁ က ဆိုထားပေသည်။

| | |
|---|---|
| ၁၁။ | **كِرَامًا كَاتِبِينَ۞**<br>ကျက်သရေရှိသော မှတ်တမ်းတင်သူများ ဖြစ်၍– |
| ၁၂။ | **يَعْلَمُونَ مَا تَفْعَلُونَ۞**<br>သင်တို့ ပြုလုပ်သမျှအား သိနေကြကုန်၏။ |
| ၁၃။ | **إِنَّ الْأَبْرَارَ لَفِي نَعِيمٍ۞**<br>ကေန်ပင် ကောင်းမှုပြုသူတို့သည် ဂုဏ်ရှိခြင်း၌ ရှိ၏။ |
| ၁၄။<br>နဲ့ထွက် | **وَإِنَّ الْفُجَّارَ لَفِي جَحِيمٍ۞**<br>ကေန်ပင် **ဖေါက်ထွက်**သူတို့သည် ငရဲမီးတွင်း၌ ရှိ၍– |
| ၁၅။<br>ငရဲ | **يَصْلَوْنَهَا يَوْمَ الدِّينِ۞**<br>စီရင်မိန့်ချမည့် နေ့ကာလ၌ **ထို**နှင့် လောင်ကျွမ်းစေလတ္တံ့။ |
| ၁၆။ | **وَمَا هُمْ عَنْهَا بِغَائِبِينَ۞**<br>သူတို့အား ထိုမှ မျက်ကွယ်စီရင်ချက် မရှိချေ။ |
| ၁၇။ | **وَمَا أَدْرَاكَ مَا يَوْمُ الدِّينِ۞**<br>စီရင်မိန့်ချမည့် နေ့ကာလဟူသည်– သင် မည်သို့ မှန်းဆနိုင်မည်နည်း။ |
| ၁၈။ | **ثُمَّ مَا أَدْرَاكَ مَا يَوْمُ الدِّينِ۞**<br>တဖန် စီရင်မိန့်ချမည့်  နေ့ကာလဟူသည်– သင် မည်သို့ မှန်းဆနိုင်မည်နည်း။ |
| ၁၉။ | **يَوْمَ لَا تَمْلِكُ نَفْسٌ لِّنَفْسٍ شَيْئًا وَالْأَمْرُ يَوْمَئِذٍ لِّلَّهِ۞**<br>ဉာဉ်စရိုက်တစ်ခုက ဉာဉ်စရိုက်တစ်ခုအား စိုးစဉ်းမျှ သြဇာအာဏာ မရှိသော နေ့ကာလ ဖြစ်၏။ ထိုနေ့ကာလ၌ အရေး အရာတို့သည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌သာ ရှိ၏။ |